## ၂။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မှုအခြေအနေ

**နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်မှုများ**
**(၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ထိ)**

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ နိုင်ငံတော်ထောက်ပံ့ငွေခေါင်းစဉ်ဖြင့် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မှု အနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မြစိမ်းရောင် (အသားကဏ္ဍ) ကျေးရွာထူထောင်ခြင်းအတွက် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း (၃၈၇၀)၊ မျိုးကောင်းမျိုးသန့် တိရစ္ဆာန်များ ဖြန့်ဖြူးခြင်းအတွက် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း (၂၂၀၅)၊ နို့ပေါင်းစက် ရှိရာ ဒေသများသို့ နို့စားနွား ဖြန့်ဖြူးခြင်းအတွက် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း (၃၀၀)၊ ဘဲဖြန့်ဖြူးခြင်းအတွက် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း (၅)၊ မြစိမ်းရောင် (ပျားကဏ္ဍ) ကျေးရွာထူထောင်ခြင်းအတွက် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း (၆၀)၊ သဘာဝဘေးဒဏ်ခံ ဒေသများသို့ တိရစ္ဆာန်သုံးဆေးဝါး ဖြန့်ဖြူးခြင်းအတွက် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း (၈၄၀)၊ သဘာဝဘေးဒဏ်ခံ ဒေသများသို့ တိရစ္ဆာန် အစာ ဖြန့်ဖြူးခြင်း အတွက် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း (၆၉၀)၊ စုစုပေါင်း ခွင့်ပြုရန်ပုံငွေ ကျပ်သန်း (၇၉၇၀) ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်လျက် ရှိပါသည်။

**မြစိမ်းရောင် (အသားကဏ္ဍ)ကျေးရွာထူထောင်ခြင်း**
**(၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ထိ)**

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကျေးလက်ဒေသတွင် အသားကဏ္ဍဖွံ့ဖြိုးရေးအတွက် ကျေးလက်နေပြည်သူများ အလုပ်အကိုင်၊ အခွင့်အလမ်းနှင့်မိသားစုဝင်ငွေတိုးပွားလာစေခြင်းဖြင့် ကျေးလက်ဒေသ ဆင်းရဲမှုနှုန်းကို လျှော့ချရန် ရည်ရွယ်၍ မြစိမ်းရောင်(အသားကဏ္ဍ)ကျေးရွာ စီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ကျေးရွာအုပ်စု (၁၀၁) အတွက် ငွေကျပ်သန်းပေါင်း (၂၉၇၀) သန်း တန်ဖိုးရှိ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ စသည့် မွေးမြူရေးတိရစ္ဆာန်များကို ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ပြီး ယခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း၌လည်း မြစိမ်းရောင် (အသားကဏ္ဍ) ကျေးရွာထူထောင်ခြင်း လုပ်ငန်းများအား ကျေးရွာအုပ်စု (၂၉) ခုရှိ စီမံကိန်း ကျေးရွာ (၃၀) ရွာတွင် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း (၉၀၀) တန်ဖိုးရှိ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ စသည့် မွေးမြူရေးတိရစ္ဆာန်များကို ဖြန့်ဖြူးဆောင်ရွက်လျက် ရှိပါသည်။

**စိုက်ပျိုးမွေးမြူရေးမြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရန် လျာထားချက် (စိုက်ပျိုးရေး၊ မွေးကု၊ ငါး၊ သမ)**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသ | ငွေကျပ် (သန်း) |
|---|---|---|
| ၁ | ကယားပြည်နယ် | ၁၀၀၀၀ |
| ၂ | ချင်းပြည်နယ် | ၁၀၀၀၀ |
| ၃ | ရခိုင်ပြည်နယ် | ၁၀၀၀၀ |
| ၄ | ကချင်ပြည်နယ် | ၈၀၀၀ |

| | | |
|---|---|---|
| ၅ | ကရင်ပြည်နယ် | ၈၀၀၀ |
| ၆ | မွန်ပြည်နယ် | ၈၀၀၀ |
| ၇ | ရှမ်းပြည်နယ် | ၈၀၀၀ |
| ၈ | တနင်္သာရီတိုင်းဒေသကြီး | ၈၀၀၀ |
| ၉ | ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း | ၅၀၀၀ |
| ၁၀ | ကိုးကန့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ | ၅၀၀၀ |
| ၁၁ | ပလောင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ | ၅၀၀၀ |
| ၁၂ | ဓနု ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ | ၅၀၀၀ |
| ၁၃ | ပအိုဝ်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ | ၅၀၀၀ |
| ၁၄ | နာဂ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ | ၅၀၀၀ |
| | **စုစုပေါင်း** | **၁၀၀၀၀၀** |